တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး

(၁၉) ရက်မြောက်နေ့အစီအစဉ်

(၂၁ - ၁၀ - ၂၀၂၆) (ဗုဒ္ဓဟူးနေ့) နေ့လယ် ၁၃:၃၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေးမတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးအောင်နိုင်၊ ဝေါမဲဆန္ဒနယ်၏ **ဝေါမြို့နယ်၊ ရွှေကောက်ပွဲကော်မရှင်အဖွဲ့ခွဲရှိ နှစ်ထပ်အဆောက်အဦကို ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဒေါ်ဥမ္မာမို့မို့ဇော်၊ သဲကုန်းမဲဆန္ဒနယ်၏ **သဲကုန်းမြို့နယ်၊ ဘောလုံးကွင်းအား ပွဲကြည့်စင်နှင့် အဆင့်မီ အားကစားကွင်းအဖြစ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဒေါက်တာနေလင်း၊ မှော်ဘီမဲဆန္ဒနယ်၏ **မှော်ဘီမြို့နယ်၊ အားကစားကွင်းအား ခရိုင်အားကစားကွင်းအဖြစ် မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးကျော်မြင့်နိုင်၊ နောင်ချိုမဲဆန္ဒနယ်၏ **နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ လားရှိုးမြို့များအပါအဝင် အချို့မြို့ရွာများ၌ ပျက်စီးခဲ့ရသည့် ဆုံးရှုံးမှုနှင့် ပတ်သက်၍ မည်သို့ကုစားဆောင်ရွက်မည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါ်သန်းသန်းအေး၊ သဃ်နိုးကျွန်းမဲဆန္ဒနယ်၏ **နေရပ်စွန့်ခွာသူများ၏ အခက်အခဲနှင့် ဆက်လက်ရပ်တည်နိုင်ရေးအပေါ် အစိုးရ၏အစီအစဉ်များ ထုတ်ဖော်ပြောကြားပေးရန် သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဒေါ်မြင့်သန်း၊ ရေးမဲဆန္ဒနယ်၏ **မွန်ပြည်နယ်ရှိ စစ်ဆေးရေးဂိတ်များမှ တရားမဝင် ဂိတ်ကြေးကောက်ခံနေမှု ပပျောက်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဦးလှဆွေ၊ ပုဗ္ဗသီရိမဲဆန္ဒနယ်၏ **ဧရာဝတီရိမြို့နယ်ရှိ သာယာအေးနှင့် ရွှေကံသာကျေးရွာများ၊ ဒက္ခိဏာသီရိမြို့နယ်ရှိ သီရိမင်္ဂလာနှင့် စိုက်ခင်း (၃) ကျေးရွာများအား တရားဝင် ကျေးရွာများအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း။

၇။ ဒေါက်တာရွှေပြည်စိုး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်၏ **"အမျိုးသားဘာသာ၊ စာပေနှင့်ယဉ်ကျေးမှု၊ ရိုးရာထုံးစံများ မပျောက်မပျက်စေရေးအတွက် အမျိုးသားဘာသာ၊ စာပေ၊ ယဉ်ကျေးမှုဆိုင်ရာမူဝါဒနှင့် အမျိုးဘာသာစာပေ ရေရှည်ထိန်းသိမ်းခြင်းဆိုင်ရာ ဥပဒေ/ နည်းဥပဒေ(တစ်ခု) ရေးဆွဲပြီး တိတိကျကျ ပြဋ္ဌာန်းသင့်ကြောင်းအဆို"**ကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း၊

၈။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

(သို့မဟုတ်)

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေး ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး (၁၉) ရက်မြောက်နေ့ ရုပ်နားကြောင်းနှင့် အစည်းအဝေး (၂၀) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။